IOM International Organization for Migration

# ရွှေ့ပြောင်းအလုပ်သမားများအတွက်အသိပေး ကြေငြာချက်

ထုတ်ဝေချက် ၃ - နိုဝင်ဘာ ၂၀၀၉

## မှတ်ပုံတင်ခြင်းနှင့် နိုင်ငံသား စိစစ်အတည်ပြုခြင်း ၂၀၀၉ အပေါ်ရှုမြင်ချက်

ယခင်ထုတ်ဝေခဲ့သော*ရွှေ့ပြောင်းအလုပ်သမားများအတွက် အသိပေးကြေငြာချက်* နှစ်စောင်တွင် မှတ်ပုံတင်ခြင်းနှင့် နိုင်ငံသား စိစစ်အတည်ပြုခြင်းတို့ကို အသေးစိတ် လေ့လာဖော်ပြခဲ့သည်။ ထိုင်း–မြန်မာ အစိုးရတို့အကြား မှတ်ပုံတင်ခြင်းနှင့် နိုင်ငံသားစိစစ်ရေး (နိုင်ငံ/စစ်) ပြန်လည်စတင်ခဲ့သည်မှာ လေးလကြာမြင့်ခဲ့ပြီ ဖြစ်သည်။ ယခု ကြေငြာချက်တွင် မှတ်ပုံတင်ခြင်းနှင့် နိုင်ငံသားစစ်ဆေးအတည်ပြုခြင်း အစီအစဉ်နှစ်ခုလုံးကို ခြုံငုံလေ့လာပြီး နောက်ဆုံးမူဝါဒ ထွက်ပေါ်လာမှုနှင့် ကိန်းဂဏန်းများကို ဖော်ပြရန် ရည်ရွယ်ပါသည်။

## နောက်ခံအကြောင်းအရာ

၂၀၀၉ခုနှစ်တွင် ထိုင်းအစိုးရသည် ၄င်းစတင်ခဲ့သော ကမ္ဘောဒီးယားနှင့်လာအိုနိုင်ငံတို့မှ အရည်အချင်းနိမ့် ရွှေ့ပြောင်း အလုပ်သမားများအပေါ် ထိန်းချုပ်မှုကို ဆက်လက်ဆောင်ရွက်လျှက်ရှိပြီး မြန်မာအစိုးရနှင့် အစီအစဉ်စတင်ရန်လည်း ခြေလှမ်းသစ် လှမ်းလျှက်ရှိသည်။ ထိုင်းအစိုးရသည် တစ်နှစ်တရားဝင်အလုပ်လုပ်ကိုင်ခွင့်လက်မှတ် (Work Permit ) လက်ဝယ်ကိုင်ဆောင်ထားသော ရွှေ့ပြောင်းသွားလာသူများအား နှစ်စဉ် အလုပ်လုပ်ကိုင်ခွင့် သက်တမ်းတိုးခြင်းအပြင် မှတ်ပုံတင်မရှိသော ရွှေ့ပြောင်းအလုပ်သမားများအား ယာယီနေထိုင်ခွင့် (တော်ရော် ၃၈/၁) နှင့်

အလုပ်လုပ်ကိုင်ခွင့် လက်မှတ်ပြုလုပ်ခြင်း (သတ္တမနှင့်နောက်ဆုံးအကြိမ်) အစီအစဉ်သစ်ကို ၂၀၀၉ ခုနှစ် ဇူလိုင်လတွင် ထုတ်ပြန် ကြေငြာခဲ့သည်။ အလုပ်လုပ်ကိုင်ခွင့် လက်မှတ်သက်တမ်းတိုးခြင်း / အသစ်ထုတ်ဝေခြင်းတို့ကို ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလ ၂၈ရက်နေ့အထိ ပြုလုပ်ပေးပြီး ရွှေ့ပြောင်းသူများအနေဖြင့် နိုင်ငံသားစိစစ်အတည်ပြုခြင်း အစီအစဉ် ကိုလည်း ၄င်းနေ့ရက်တွင်ပင် ပြီးဆုံးအောင် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ နိုင်ငံသားစိစစ်အတည်ပြုခြင်း၊ ယာယီနိုင်ငံကူးလက်မှတ် (Temporary Passport) နှင့် နိုင်ငံဝင်ခွင့် ဗီဇာ (Visa) ရရှိနိုင်ရန်အတွက် သတ်မှတ်ထားသော အလုပ်လုပ်ကိုင်ခွင့်လက်မှတ် လိုအပ်သည်။ ရွှေ့ပြောင်းသွားလာသူများသည် နိုင်ငံ/စစ် ကို ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့နောက်ဆုံးထား၍ ပြီးဆုံးအောင်ဆောင်ရွက်နိုင်ပါက ထိုင်းနိုင်ငံအတွင်း တရားဝင် နေထိုင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့်တို့ကို လေးနှစ် ခွင့်ပြုခံရမည် ဖြစ်သည်။ နိုင်ငံ/စစ် အချိန်မီ ပြီးစီးအောင် မဆောင်ရွက်နိုင်ပါက ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလကုန်တွင် ၄င်းတို့၏မူလနိုင်ငံသို့ ပြန်လည်ပို့ဆောင် ခြင်းခံရမည် ဖြစ်ပါသည်။

## ၁။ မှတ်ပုံတင်ပြုလုပ်ခြင်း

> တရားဝင်အလုပ်လုပ်ကိုင်ခွင့်လက်မှတ်ရှိသော ရွှေ့ပြောင်းသူများကိုသာလျှင် ထိုင်းနိုင်ငံအတွင်း တရားဝင် နေထိုင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့်တို့ကို ယာယီခွင့်ပြုသည်။ ထိုလက်မှတ်မရှိပါက ရွှေ့ပြောင်းသူများသည် ၎င်းတို့၏ မူလနိုင်ငံသို့ ပြန်လည်ပို့ဆောင်ခြင်းခံရနိုင်သည်။
>
> *မှတ်ပုံတင်မရှိသော ရွှေ့ပြောင်းသူတစ်ဦးသည် အလုပ်လုပ်ကိုင်ခွင့်လက်မှတ် မည်ကဲ့သို့ရရှိနိုင်သနည်း။*

ပုံ၁- တော်ရော် ၃၈/၁ နှင့် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်ရရှိရန် လုပ်ဆောင်ပုံအဆင့်များ




### *အလုပ်လုပ်ကိုင်ခွင့်လက်မှတ်(Work Permit) သက်တမ်းတိုးခြင်း ၂၀၀၉*

၂၀၀၈ခုနှစ် ဒီဇင်ဘာ ၁၈ ရက်နေ့ဝန်ကြီးအဖွဲ့၏ ဆုံးဖြတ်ချက်အရ ၂၀၀၉ ခုနှစ် ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လ သို့မဟုတ် ဧပြီလတွင် အလုပ်လုပ်ကိုင်ခွင့်သက်တမ်းကုန်ဆုံးသော ရွှေ့ပြောင်းအလုပ်သမားများအတွက် အလုပ် လုပ်ကိုင်ခွင့် သက်တမ်းတိုးခြင်းကို ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့ အထိ ခွင့်ပြုခဲ့ပါသည်။ အလုပ် လုပ်ကိုင်ခွင့်သက်တမ်းတိုးရာတွင် ရွှေ့ပြောင်းအလုပ်သမားများသည်တော်ရော် ၃၈/၁ကို ပြန်လည်လျှောက်ထားရန် မလိုသော်လည်း ၎င်းတို့အနေဖြင့် ကျန်းမာရေးစစ်ဆေးခြင်းကို ပြန်လည် ဆောင်ရွက်ကြရမည် ဖြစ်သည်။

*၂၀၀၉ခုနှစ်တွင် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်သက်တမ်းတိုးခဲ့သော ရွှေ့ပြောင်းသွားလာသူ မည်မျှရှိသနည်း။*

၂၀၀၉ခုနှစ်တွင်အလုပ်လုပ်ကိုင်ခွင့်သက်တမ်းကုန်ဆုံးသော ရွှေ့ပြောင်းအလုပ်သမား ၅၀၁,၅၇၀ ဦးအနက် ၇၅ ရာခိုင်နှုန်းကျော် သက်တမ်းတိုးခဲ့ကြသည်။ ၄င်းတို့မှာ မြန်မာနိုင်ငံသား ၃၇၀,၇၁၁ ဦး၊ ကမ္ဘောဒီးယား နိုင်ငံသား ၆,၁၃၀ ဦး နှင့် လာအို နိုင်ငံသား ၅,၇၀၀ ဦးတို့ ဖြစ်ပြီး စုစုပေါင်း **၃၈၂,၅၄၁** ဦးဖြစ်သည်။

## *မှတ်ပုံတင်ခြင်းအစီအစဉ်သစ် (သတ္တမအကြိမ်) ၂၀၀၉*

ထိုင်းအစိုးရသည် ၂၀၀၉ ခုနှစ် ဇူလိုင်လ ၁ရက်နေ့တွင် ရွှေ့ပြောင်းအလုပ်သမားများအတွက် ထိုင်းနိုင်ငံအတွင်း တရားဝင်နေထိုင်ရန်နှင့် အလုပ်လုပ်ကိုင်နိုင်ရန် မှတ်ပုံတင်ပြုလုပ်ခြင်းအစီအစဉ် (သတ္တမအကြိမ်)ကို ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၂၈ရက်နေ့အထိ ဖွင့်လှစ်ခဲ့သည်[၁]။ ထိုအစီအစဉ်သည် ၂၀၀၉ခုနှစ် ဩဂုတ်လတွင် ပြီးဆုံးခဲ့သော်လည်း ခြွင်းချက်အဖြစ် ငါးဖမ်းလုပ်ငန်းကဏ္ဍတွင် လုပ်ကိုင်နေသော ရွှေ့ပြောင်းသူများကို ၂၀၀၉ခုနှစ် အောက်တိုဘာလ ၃၀ရက်နေ့အထိ မှတ်ပုံတင်ခွင့် ပြုခဲ့ပါသည်။

*မှတ်ပုံတင်ပြုလုပ်ခြင်း အစီအစဉ်သစ်အရ ရွှေ့ပြောင်းသွားလာသူမည်မျှ လျှောက်ထားခဲ့ပြီး တော်ရော် ၃၈/၁ နှင့် အလုပ်လုပ်ကိုင်ခွင့် ရရှိခဲ့သူ မည်မျှရှိသနည်း။*

> <u>ယာယီနေထိုင်ခွင့်မှတ်ပုံတင်ခြင်း (တော်ရော် ၃၈/၁)</u>
> ၂၀၀၉ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့ တွင် **ရွှေ့ပြောင်းအလုပ်သမား ၁,၀၅၄,၂၆၁ ဦး တော်ရော် ၃၈/၁ ရရှိခဲ့ပြီး** မြန်မာမှ ၇၈၅,၀၁၇ ဦး၊ ကမ္ဘောဒီးယားမှ ၁၄၈,၄၂၀ ဦး နှင့် လာအိုမှ ၁၂၀,၈၂၄ ဦးတို့ ဖြစ်ကြပါသည်။

---

[၁] ၂၀၀၉ခုနှစ် မေလ ၂၆ရက်နေ့နှင့် ဇူလိုင်လ ၂၈ရက်နေ့ ဝန်ကြီးအဖွဲ့၏ဆုံးဖြတ်ချက်အရဖြစ်ပါသည်။

## အလုပ်လုပ်ကိုင်ခွင့် (Work Permit) ထုတ်ပေးခြင်း

၂၀၀၉ ခုနှစ် ဇူလိုင်လ ၁ရက်နေ့မှ ဩဂုတ်လ ၂၉ရက်နေ့အထိ **ရွှေ့ပြောင်းအလုပ်သမား ၇၉၂,၁၇၅ ဦးကို အလုပ်လုပ်ကိုင်ခွင့် ထုတ်ပေးခဲ့ရာ** မြန်မာမှ ၆၂၇,၂၃၀ ဦး၊ ကမ္ဘောဒီးယားမှ ၇၆,၃၉၀ ဦး နှင့် လာအိုမှ ၈၈,၅၅၅ ဦးတို့ ဖြစ်ကြသည်။

ပုံ၂ – ၂၀၀၉ ခုနှစ် ဇူလိုင်လ ၁ရက်နေ့မှ ဩဂုတ်လ ၂၉ရက်နေ့အထိ အလုပ်လုပ်ကိုင်ခွင့် လက်မှတ် ထုတ်ပေးမှု အခြေအနေ




၂၀၀၉ ခုနှစ် ဩဂုတ်လ ၂၉ရက်နေ့အထိ မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုတို့မှ **ရွှေ့ပြောင်းအလုပ်သမားစုစုပေါင်း ၁,၁၇၄,၇၁၆ ဦးအား အလုပ်လုပ်ကိုင်ခွင့်လက်မှတ်များအသစ်ထုတ်ပေးခြင်းနှင့် သက်တမ်းတိုးခြင်း ကိစ္စရပ်များကို ဆောင်ရွက်ပေးခဲ့ပါသည်။**

### *မှတ်ပုံတင်ခြင်း ၂၀၀၉ မူဝါဒပြောင်းလဲပြုပြင်သတ်မှတ်ချက်များ*

၂၀၀၉ခုနှစ် မေလ ၂၆ရက်နှင့် ဇူလိုင်လ ၂၈ရက်နေ့ ဝန်ကြီးအဖွဲ့၏ ဆုံးဖြတ်ချက်အရမှတ်ပုံတင်ပြုလုပ်ပြီးသော ရွှေ့ပြောင်းအလုပ်သမားမိဘများ၏ ကလေးသူငယ်များအား မှတ်ပုံတင်ခြင်း နှင့် မှတ်ပုံတင်သည့်သက်တမ်းကာလ တိုးမြှင့် သတ်မှတ်လိုက်ခြင်းတို့ကို

၂၀၀၉ခုနှစ် နိုဝင်ဘာလ ၃ရက်နေ့တွင် ဝန်ကြီးအဖွဲ့မှ အတည်ပြုချက်တစ်ရပ် ထုတ်ပြန်ခဲ့ပါသည်[၂]။

### ၁) မှတ်ပုံတင်သည့်သက်တမ်းကာလ တိုးမြှင့်သတ်မှတ်ခြင်း

- တော်ရော် ၃၈/၁ ထုတ်ယူရန် **၂၀၀၉ခုနှစ် နိုဝင်ဘာလ ၁၈ရက်နေ့အထိ** (ယခင်သတ်မှတ်ရက်မှ ၁၅ရက် ထပ်မံတိုးမြှင့်ခြင်း ဖြစ်ပါသည်)။ **ရက်ထပ်မံတိုးမြှင့်ခြင်းသည် ယာယီနေထိုင်ခွင့် မှတ်ပုံတင် ပြုလုပ်ရန် ရက်ချိန်းရရှိထားပြီးသော ရွှေ့ပြောင်းအလုပ်သမားများ အတွက်သာ အကြုံးဝင်ပါသည်**။
- ကျန်းမာရေးစစ်ဆေးခြင်းနှင့် အာမခံ ကိစ္စရပ်များအတွက် **၂၀၁၀ခုနှစ် ဇန်နဝါရီလ ၂ရက်နေ့ အထိ** (ယခင်သတ်မှတ်ရက်မှ ၆၀ရက် ထပ်မံတိုးမြှင့်ခြင်း ဖြစ်ပါသည်)။
- အလုပ်လုပ်ကိုင်ခွင့်လက်မှတ် လျှောက်ထားခြင်း ကိစ္စရပ်များအတွက် **ဖေဖော်ဝါရီလ ၁ရက်နေ့အထိ** (ယခင်သတ်မှတ်ရက်မှ ၉၀ရက် ထပ်မံတိုးမြှင့်ခြင်း ဖြစ်ပါသည်)။

### ၂) အသက် ၁၅နှစ်အောက် ကလေးသူငယ်များအား မှတ်ပုံတင်ခြင်း

- ၂၀၀၉ခုနှစ် မှတ်ပုံတင်ခြင်းအစီအစဉ်သစ်အရ အလုပ်လုပ်ကိုင်ခွင့်လက်မှတ်အသစ် ကိုင်ဆောင်ထား သော ရွှေ့ပြောင်းအလုပ်သမားမိဘများ၏ အသက် ၁၅နှစ်အောက် ကလေးသူငယ်များအား ပြည်ထဲရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားရှိရန် အတွက်လည်း ဝန်ကြီးအဖွဲ့မှ ဆုံးဖြတ်ခဲ့ကြပါသည်[၃]။ မှတ်ပုံတင်ခြင်း ကိစ္စရပ်များကို နိုဝင်ဘာလ ၁၉ရက်နေ့မှ စတင်၍ ဇန်နဝါရီလ ၂ရက်နေ့ အထိ လုပ်ကိုင်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

---

[၂] ဤဆုံးဖြတ်ချက်အား တရားမဝင်ရွှေ့ပြောင်းနိုင်ငံခြားသားအလုပ်သမားများစီမံအုပ်ချုပ်ရေး အမျိုးသားကော်မတီ၏၂၀၀၉ ခုနှစ် အောက်တိုဘာလ ၂ရက် အဆိုပြုချက်နောက်ပိုင်းတွင် ထုတ်ပြန်ခဲ့ပါသည်။

[၃] ၂၀၀၉ခုနှစ် မေလ ၂၆ရက်နှင့် ဇူလိုင်လ ၂၈ရက်နေ့ ဝန်ကြီးအဖွဲ့၏ဆုံးဖြတ်ချက်အရ ဖြစ်ပါသည်။

## ၂။ <u>နိုင်ငံသားစိစစ်အတည်ပြုခြင်း (နိုင်ငံ/စစ်)အဆင့်များ</u>

**ယာယီနိုင်ငံကူးလက်မှတ် (Temporary Passport) နှင့် နိုင်ငံဝင်ခွင့်/ဗီဇာ (Visa) မရရှိဘဲ သက်တမ်း ကျန်ရှိနေသေးသည့် တရားဝင် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်သာ ရှိရုံဖြင့် ရွှေ့ပြောင်းအလုပ်သမားတစ်ဦးသည် တရားဝင်ပြီဟု မယူဆနိုင်သေးပါ။ သူ/သူမအား ထိုင်းနိုင်ငံအတွင်း ယာယီနေထိုင်အလုပ်လုပ်ကိုင် ခွင့်ပြု ထားစဉ်အချိန်အတွင်း သူ/သူမ၏ပြည်နှင်ဒဏ်အား ဆိုင်းငံ့ထားခြင်းသာဖြစ်သည်။ နိုင်ငံသားစိစစ် အတည်ပြုခြင်း[၆] အဆင့်များကို ဆောင်ရွက်ပြီးမှသာ နိုင်ငံအတွင်းဥပဒေနှင့်အညီ ၂နှစ်တိုင်အောင် နေထိုင် အလုပ်လုပ်ကိုင်နိုင်မည် ဖြစ်ပြီး နောက်ထပ်၂နှစ် ဆက်လက်သက်တမ်းတိုးခွင့် ရရှိနိုင်မည် ဖြစ်ပါသည်။**

မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့အကြား လက်မှတ်ရေးထိုးထားသော သဘောတူနားလည်မှု စာချုပ်များအရ ၎င်းနိုင်ငံများမှ ရွှေ့ပြောင်းအလုပ်သမားများအား ၎င်းတို့၏ နိုင်ငံသားစိစစ်အတည်ပြုခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးမှသာ ထိုင်းနိုင်ငံအတွင်း တရားဝင် နေထိုင်၍ အလုပ် လုပ်ကိုင်ရန် ခွင့်ပြုသွားမည် ဖြစ်သည်။ ၂၀၀၉ခုနှစ် မေလ ၂၆ရက်နေ့ဝန်ကြီးအဖွဲ့၏ ဆုံးဖြတ်ချက်အရ **နိုင်ငံသားစိစစ်အတည်ပြုခြင်း လုပ်ငန်းအား ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ၂၈ရက်နေ့ နောက်ဆုံး ပြီးစီးအောင် ဆောင်ရွက်ကြရမည်**။ အချိန်မီ ပြီးစီးအောင် မဆောင်ရွက်နိုင်ပါက ၎င်းတို့၏မူလနိုင်ငံသို့ ပြန်လည်ပို့ဆောင်ခြင်းခံရမည်။ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံသားများ၏ နိုင်ငံသားစိစစ်အတည်ပြုခြင်း လုပ်ငန်းများကို ၂၀၀၆ခုနှစ်မှစ၍ ဆောင်ရွက်ခဲ့သော်လည်း မြန်မာနိုင်ငံသားတို့အား စိစစ်အတည်ပြုခြင်း လုပ်ငန်းများကို ၂၀၀၉ခုနှစ် ဇူလိုင်လ ၁၅ရက်နေ့မှသာ စတင် ဆောင်ရွက်နိုင်ခဲ့သည်။

ပုံ၃ – မြန်မာနိုင်ငံသားများအတွက် ယာယီနိုင်ငံကူးလက်မှတ်ရရှိရန် ထိုင်းနှင့်မြန်မာနိုင်ငံအကြား နိုင်ငံသား စိစစ်အတည်ပြုခြင်း လုပ်ငန်းများ နယ်စပ်ဖြတ်ကျော်လုပ်ဆောင်ပုံ




**မှတ်ချက်။** ရွှေ့ပြောင်းအလုပ်သမားများ၏ ခရီးသွားလာရေးကိစ္စ ခွင့်ပြုချက်ရရှိရန် အလုပ်သမားရေးရာဌာနမှ ပြည်ထဲရေးဝန်ကြီး ဌာနသို့ ခွင့်ပြုချက်တောင်းခံပေးရန် လိုအပ်သည်။

---

[6]သူ/ သူမ၏ နိုင်ငံသားစိစစ်အတည်ပြုခြင်းလုပ်ငန်းပြီးသည်နှင့်(သူ/ သူမ၌ ယာယီနိုင်ငံကူးလက်မှတ်ရရှိထားပြီး)ထိုရွှေ့ပြောင်းသွားလာသူသည်ထိုင်းနိုင်ငံအတွင်း တရားဝင်နေထိုင်အလုပ်လုပ်ကိုင်နိုင်ရန်နိုင်ငံဝင်ခွင့်/ ဗီဇာနှင့် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်တို့ကို ပြုလုပ်ရမည်ဖြစ်သည်။

*၂၀၀၆ ခုနှစ်မှစ၍ နိုင်ငံသားစိစစ် အတည်ပြုပေးခြင်းလုပ်ငန်း ပြီးဆုံးအောင် ဆောင်ရွက်သည့် မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားပေါင်း မည်မျှရှိသနည်း။*

ပုံ၄ – နိုင်ငံသားစိစစ်အတည်ပြုပေးခြင်းလုပ်ငန်း ပြီးဆုံးအောင်ဆောင်ရွက်သည့် ရွှေ့ပြောင်းအလုပ်သမား များအရေအတွက်အား နှစ်အလိုက်၊နိုင်ငံအလိုက် တွေ့ရှိမှုအခြေအနေ




* မြန်မာ၏ အချက်အလက်များမှာ ၂၀၀၉ ခုနှစ် ဇူလိုင်လ၁၅ရက်မှ အောက်တိုဘာလ ၃၀ရက်နေ့အတွင်း ကောက်ယူ ထားခြင်း ဖြစ်ပါသည်။

၂၀၀၆ ခုနှစ်မှစ၍ ၂၀၀၉ခုနှစ် စက်တင်ဘာလ ၂၅ရက်နေ့အထိ **ရွှေ့ပြောင်းအလုပ်သမားပေါင်း ၁၁၈,၉၁၆ ဦး အား နိုင်ငံသားစိစစ် အတည်ပြုပေးခဲ့ရာ** ကမ္ဘောဒီးယားနိုင်ငံသား ၅၇,၆၀၉ ဦး နှင့် လာအိုနိုင်ငံသား ၅၈,၄၃၀ ဦးတို့ဖြစ်ပြီး **မြန်မာနိုင်ငံသား ၂,၈၇၇ ဦးသာ လုပ်ငန်းပြီးစီးသည်အထိ ဆောင်ရွက်ခဲ့သည်ကို တွေ့ရပါသည်**[၅]။

ပုံ ၅ – ဒေသအလိုက် မြန်မာနိုင်ငံသားများ၏ နိုင်ငံ/စစ် လုပ်ငန်းဆောင်ရွက်မှုအခြေအနေ




ပုံ၆–မြန်မာနိုင်ငံနယ်စပ်မြို့နယ်များတွင်မြန်မာနိုင်ငံသားများ၏ နိုင်ငံ/စစ်လုပ်ငန်းဆောင်ရွက်ရန် လျှောက်ထားမှု အခြေအနေ




---

[၅] မြန်မာနိုင်ငံသားများအတွက် နိုင်ငံသားစစ်ဆေးအတည်ပြုခြင်းလုပ်ငန်းအား ၁၅ ဇူလိုင်လ ၂၀၀၉ ရက်နေ့ မှစတင် ဆောင်ရွက်ခဲ့ပါသည်။

## ၃။ နိုင်ငံဝင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်လျှောက်ထားခြင်း

နိုင်ငံသားစိစစ်အတည်ပြုပြီးသော ရွှေ့ပြောင်းအလုပ်သမားများသာ တရားဝင် ၂နှစ်သက်တမ်းရှိသော နိုင်ငံဝင်ခွင့်/ဗီဇာ **(Visa)** နှင့် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်အသစ် ထုတ်ပေးသွားမည်ဖြစ်ပြီး နိုင်ငံဝင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့် မရှိသော ရွှေ့ပြောင်းသူများအား ထိုင်းနိုင်ငံအတွင်း နေထိုင်အလုပ်လုပ်ကိုင်ခြင်းကို ခွင့်ပြုသွားမည် မဟုတ်ပါ။

ပုံ ၇ – နိုင်ငံဝင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်လျှောက်ထားပုံအဆင့်ဆင့်




မှတ်ချက်။ ရွှေ့ပြောင်းအလုပ်သမားတစ်ဦးသည် ထိုင်းနိုင်ငံမှမထွက်ခွာမီ ပြန်လည်ဝင်ရောက်ခွင့်လက်မှတ် **(re-entry permit)** တစ်ခု ကြိုတင် ဝယ်ယူသွားရမည်။ ပြန်လည်ဝင်ရောက်ခွင့်လက်မှတ်ဖြင့်သာ မြန်မာနှင့် ထိုင်းနှစ်နိုင်ငံကြား လွတ်လပ်စွာ ကူးသန်းသွားလာခွင့် ရရှိမည် ဖြစ်သည်။ ပြန်လည်ဝင်ရောက်ခွင့်လက်မှတ် မပြုလုပ်ဘဲ ပြန်သွားသည့် ရွှေ့ပြောင်း အလုပ်သမားတစ်ဦးသည် ထိုင်းနိုင်ငံမှထွက်ခွာသွားသည်နှင့် တစ်ပြိုင်နက် နိုင်ငံဝင်ခွင့် ပျက်ပြယ်ပြီး ဖြစ်သည်။

*နိုင်ငံသားစိစစ်အတည်ပြုခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး၍ နိုင်ငံဝင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့်လက်မှတ် ရရှိပြီးသည့် ရွှေ့ပြောင်းအလုပ်သမား မည်မျှရှိသနည်း။*

နိုင်ငံသားစိစစ်အတည်ပြုခြင်း လုပ်ငန်းဆောင်ရွက် လုပ်ကိုင်ပြီး နိုင်ငံဝင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့် လက်မှတ် ရရှိပြီး သည့် ရွှေ့ပြောင်းအလုပ်သမားဦးရေ စာရင်းကောက်ယူ၍ မရသေးပါ။

***နိုင်ငံသားစိစစ်အတည်ပြုခြင်းလုပ်ငန်း မူဝါဒပြောင်းလဲပြုပြင်သတ်မှတ်ချက်များ***

နိုင်ငံဝင်ခွင့်/ဗီဇာကြေး ထိုင်းဘတ် ၂,၀၀၀မှ ထိုင်းဘတ် ၅၀၀သို့ လျှော့ချခြင်းအား ၂၀၀၉ခုနှစ် အောက်တိုဘာလ ၁၉ရက်နေ့မှစ၍ ဌာနဆိုင်ရာစည်းမျဉ်းနှင့်အညီပြည်ထဲရေးဝန်ကြီးဌာနမှ အတည်ပြုသတ်မှတ်ခဲ့ပြီး ဖြစ်ပါသည်။ ဘတ် ၂,၀၀၀ ပေးသွင်းပြီးသော ရွှေ့ပြောင်းအလုပ်သမားများအား ငွေပြန်ထုတ်ပေးမည် မဟုတ်ပါ။

## အခြားသက်ဆိုင်သော သတင်းများ

ကုန်းလမ်းပို့ဆောင်ရေးဌာနသည် တရားဝင်မှတ်ပုံတင်ထားသော မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားနှင့် အခြားနိုင်ငံခြားသား ရွှေ့ပြောင်းအလုပ်သမားများကို ၎င်းတို့၏ယာဉ်များအတွက် တရားဝင်ယာဉ်လိုင်စင် ထုတ် ပေးခြင်းနှင့် ယာဉ်မောင်းလိုင်စင်များကိုလည်း မကြာမီ လျှောက်ထားနိုင်မည်ဖြစ်ကြောင်း ကြေငြာချက် တစ်ရပ်ကို အောက်တိုဘာလ ၂၉ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်[၆]။

---

*ရွှေ့ပြောင်းအလုပ်သမားများအတွက်အသိပေးကြေငြာချက်ကို ရွှေ့ပြောင်းအလုပ်သမားများအစီအစဉ်၊ အိုင်အိုအမ် ထိုင်းနိုင်ငံရုံးခွဲ မှထုတ်ဝေသည်။ အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန် ဖုံး -၀၂-၃၄၃၉၃၀၀၊ ဖက်စ် - ၀၂-၃၄၃၉၃၉၉၊ (သို့မဟုတ်) e-mail: migrantnews@iom.int. website: www.iom-seasia.org. တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။*

[၆] ဝန်ကြီးဌာနဆိုင်ရာစည်းမျဉ်းများ အကြမ်းဖျဉ်းရေးဆွဲလျှက်ရှိပါသည်။